**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် ၅၁ /၂၀၂၃**

**၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၄ ရက်**

**( ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက် )**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေပုဒ်မ ၄ ပုဒ်မခွဲ (ဂ) အရ ပြည်ထောင်စုအစိုးရအဖွဲ့က အပ်နှင်းထားသော အခွင့်အာဏာကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

## အခန်း ( ၁ )

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤအမိန့်ကို အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်း မှတ်ပုံတင်ခြင်းဆိုင်ရာအမိန့် ဟု ခေါ်တွင်စေရမည်။

၂။ ဤအမိန့်တွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်း** ဆိုသည်မှာ ကုန်စည်ကိုဖြစ်စေ၊ ဝန်ဆောင်မှု ကိုဖြစ်စေ အွန်လိုင်း (Online) စနစ်မှတစ်ဆင့် ဝန်ဆောင်မှုပေး၍ ရောင်းချသည့် လုပ်ငန်းကို ဆိုသည်။

( ခ ) **မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ ဤအမိန့်အရ ဦးစီးဌာနက ထုတ်ပေးသော အွန်လိုင်း စနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်း မှတ်ပုံတင်လက်မှတ်ကို ဆိုသည်။

( ဂ ) **မှတ်ပုံတင်လက်မှတ်ရရှိသူ** ဆိုသည်မှာ မှတ်ပုံတင်လက်မှတ်ရရှိသည့် အွန်လိုင်း စနစ်ဖြင့်ရောင်းချခြင်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သော ကုမ္ပဏီ သို့မဟုတ် စီးပွားရေးအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ် တစ်ဦးဦးကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(င) **ဦးစီးဌာန** ဆိုသည်မှာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေး ဦးစီးဌာနကို ဆိုသည်။

(စ) **ဒီဂျစ်တယ်ငွေပေးချေမှု** ဆိုသည်မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တရားဝင် ခွင့်ပြုထားသည့် အီလက်ထရောနစ်စနစ် သို့မဟုတ် ဒီဂျစ်တယ်နည်းလမ်း သို့မဟုတ် ကြားခံပစ္စည်းတစ်ခုခုကို အသုံးပြု၍ ဆောင်ရွက်နိုင်သော ငွေပေးချေမှုတစ်ရပ်ရပ်ကို ဆိုသည်။

## အခန်း (၂)
## မှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်း

၃။ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လိုသူသည် ဦးစီးဌာနက သတ်မှတ်သော လျှောက်လွှာပုံစံတွင် ဖြည့်သွင်း၍ အွန်လိုင်း (Online) စနစ်ဖြင့် ဦးစီးဌာနသို့ မှတ်ပုံတင် လက်မှတ် လျှောက်ထားရမည်။

၄။ အပိုဒ် ၃ အရ မှတ်ပုံတင်လက်မှတ် လျှောက်ထားသူသည် ကုမ္ပဏီ သို့မဟုတ် စီးပွားရေး အဖွဲ့အစည်းဖြစ်ပါက အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီရမည်-

(က) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရဖြစ်စေ၊ အထူးကုမ္ပဏီအက်ဥပဒေအရဖြစ်စေ၊ သမဝါယမအသင်းဥပဒေအရဖြစ်စေ၊ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ ဖွဲ့စည်းတည်ထောင်သော ကုမ္ပဏီ သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းဖြစ်ခြင်း၊

(ခ) ကိုယ်ပိုင်အမည်သတ်မှတ်ချက်ဖြင့် တရားဝင် ဝက်ဘ်ဆိုဒ်ရရှိထားသော ကုမ္ပဏီ သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းဖြစ်ခြင်း၊

(ဂ) အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်မည့်နေရာကို တင်ပြနိုင်သော ကုမ္ပဏီ သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းဖြစ်ခြင်း။

၅။ အပိုဒ် ၃ အရ မှတ်ပုံတင်လက်မှတ် လျှောက်ထားသူသည် လူပုဂ္ဂိုလ်ဖြစ်ပါက အောက်ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီရမည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း အခြေချနေထိုင်လျက်ရှိသူဖြစ်ခြင်း၊

( ခ ) အသက် ၁၈ နှစ် ပြည့်ပြီးသူ ဖြစ်ခြင်း၊

( ဂ ) ဤအမိန့်ပါသတ်မှတ်ချက်များကို လိုက်နာနိုင်သူဖြစ်ခြင်း၊

(ဃ) စိတ်ပေါ့သွပ်သူ မဟုတ်ခြင်း၊

( င ) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ရပ်ရပ်က အမည်ပျက်စာရင်း ကြေညာထားသော ပုဂ္ဂိုလ်မဟုတ်ခြင်း၊

( စ ) အွန်လိုင်းစနစ်ဖြင့်ရောင်းချခြင်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်မည့်နေရာကို တင်ပြနိုင်သူဖြစ်ခြင်း။

၆။ အပိုဒ် ၃ အရ မှတ်ပုံတင်လက်မှတ် လျှောက်ထားရာတွင် အောက်ပါတို့ကို ပူးတွဲ၍ တင်ပြရမည် -

(က) ကုမ္ပဏီ သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းရှိ တာဝန်ခံပုဂ္ဂိုလ်၏ ရောင်စုံဓာတ်ပုံ သို့မဟုတ် လူပုဂ္ဂိုလ်ဖြစ်ပါက ယင်းပုဂ္ဂိုလ်၏ ရောင်စုံဓာတ်ပုံ၊

( ခ ) ကုမ္ပဏီ သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းရှိ တာဝန်ခံပုဂ္ဂိုလ်၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ သို့မဟုတ် လူပုဂ္ဂိုလ်ဖြစ်ပါက ယင်းပုဂ္ဂိုလ်၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊

( ဂ ) လျှောက်လွှာပုံစံ၌ ဖြည့်သွင်းထားသည့်လိပ်စာတွင် လုပ်ငန်းအမှန်တကယ် တည်ရှိကြောင်း သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊

(ဃ) အွန်လိုင်း (Online) စနစ်ဖြင့်ရောင်းချမည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု အမျိုးအစားစာရင်း၊ ယင်းကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့် စပ်လျဉ်းသည့် အချက်အလက်နှင့် အာမခံချက်၊

( င ) အွန်လိုင်း (Online) စနစ်ဖြင့် ရောင်းချမည့် ကုန်စည်နှင့်စပ်လျဉ်း၍ မည်သည့်နိုင်ငံမှ တင်သွင်းကြောင်း ဖော်ပြထားသည့် အချက်အလက် သို့မဟုတ် ပြည်တွင်း၌ ထုတ်လုပ်ကြောင်း ဖော်ပြထားသည့် အချက်အလက်၊

( စ ) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ ခွင့်ပြုထားသော အထောက်အထားများရှိပါက ယင်းနှင့်စပ်လျဉ်းသည့် အထောက်အထားများ။

## အခန်း ( ၃ )

## မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း

၇။ ဦးစီးဌာနသည် မှတ်ပုံတင်လက်မှတ် လျှောက်ထားမှုနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို ဆောင်ရွက်ရမည် -

(က) လျှောက်လွှာပုံစံပါ အချက်အလက်နှင့်ပူးတွဲတင်ပြသည့် အထောက်အထားများကို စိစစ်ခြင်း၊

( ခ ) စားသုံးသူရေးရာဦးစီးဌာနနှင့် ညှိနှိုင်း၍ မြေပြင်အခြေအနေစစ်ဆေးခြင်း။

၈။ ဦးစီးဌာနသည် အောက်ပါအခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်ပါက မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ငြင်းပယ်ကြောင်း မှတ်ပုံတင်လက်မှတ်လျှောက်ထားသူထံ အကြောင်းကြားရမည် -

(က) ရောင်းချမည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုသည် -

(၁) ဥပဒေတစ်ရပ်ရပ်အရ တားမြစ်ထားသော သို့မဟုတ် ကန့်သတ်ထားသော သို့မဟုတ် ဥပဒေတစ်ရပ်ရပ်နှင့် ငြိစွန်းသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု တစ်ရပ်ရပ်ဖြစ်ခြင်း၊

(၂) အများပြည်သူ၏ လုံခြုံမှုကို ထိခိုက်စေနိုင်သော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု တစ်ရပ်ရပ်ဖြစ်ခြင်း၊

(၃) ဘေးအန္တရာယ်ကင်းရှင်းမှု သို့မဟုတ် လုံခြုံစိတ်ချရမှု မရှိကြောင်း ယူဆနိုင်သော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု တစ်ရပ်ရပ်ဖြစ်ခြင်း၊

(၄) စားသုံးသူအတွက် ရိုးရှင်းမှန်ကန်သော သတင်းအချက်အလက်နှင့် အာမခံချက် မရှိကြောင်း ယူဆနိုင်သော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု တစ်ရပ်ရပ် ဖြစ်ခြင်း၊

(၅) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ဈေးကွက်အတွင်းရောင်းချရန် ခွင့်မပြုသော သို့မဟုတ် တားမြစ်ထားသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု တစ်ရပ်ရပ်ဖြစ်ခြင်း၊

(ခ) မှတ်ပုံတင်လက်မှတ်လျှောက်ထားရာတွင် လျှောက်လွှာပုံစံ၌ အချက်အလက်များ ပြည့်စုံမှန်ကန်စွာ ဖြည့်သွင်းမှု မရှိခြင်း၊

(ဂ) မှတ်ပုံတင်လက်မှတ် လျှောက်ထားရာတွင် အပိုဒ် ၆ အပိုဒ်ခွဲ (ဃ)၊ (င) နှင့် (စ) တို့ပါ ပူးတွဲတင်ပြရမည့် အထောက်အထားများနှင့် စပ်လျဉ်း၍ ထိမ်ချန်ခြင်း သို့မဟုတ် လိမ်လည်၍ တင်ပြခြင်း။

၉။ မှတ်ပုံတင်လက်မှတ်လျှောက်ထားသူသည် အပိုဒ် ၈ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ် (၃)၊ (၄) နှင့် (၅) တို့ပါ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ငြင်းပယ်ခံရပါက လိုအပ်ချက်များ ပြန်လည်ပြင်ဆင်၍ ရက်ပေါင်း ၃၀ အတွင်း ဦးစီးဌာနသို့ ပြန်လည်လျှောက်ထားခွင့်ရှိသည်။

၁၀။ ဦးစီးဌာနသည် အပိုဒ် ၃ အရ လျှောက်ထားချက်ကို စိစစ်ပြီး အပိုဒ် ၈ ပါ အချက်များနှင့် ငြိစွန်းမှု မရှိကြောင်းတွေ့ရှိပါက မှတ်ပုံတင်ကြေးနှင့် အွန်လိုင်း (Online) ဝန်ဆောင်ခတို့ကို ပေးသွင်းရန် မှတ်ပုံတင်လက်မှတ်လျှောက်ထားသူထံ အကြောင်းကြားရမည်။

၁၁။ မှတ်ပုံတင်လက်မှတ်လျှောက်ထားသူသည် အပိုဒ် ၁၀ အရ အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်သတ္တပတ်နှစ်ပတ်အတွင်း မှတ်ပုံတင်ကြေးနှင့် အွန်လိုင်း (Online) ဝန်ဆောင်ခတို့ကို ဦးစီးဌာနက သတ်မှတ်သည့် ဒီဂျစ်တယ်ငွေပေးချေမှုဖြင့် ပေးသွင်းရမည်။

၁၂။ ဦးစီးဌာနသည် မှတ်ပုံတင်ကြေးနှင့် အွန်လိုင်း (Online) ဝန်ဆောင်ခတို့ ရရှိပါက အွန်လိုင်း (Online) မှတစ်ဆင့် မှတ်ပုံတင်လက်မှတ်လျှောက်ထားသူထံ မှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။

၁၃။ မှတ်ပုံတင်လက်မှတ်၏ သက်တမ်းမှာ စတင်ထုတ်ပေးသည့်နေ့ရက်မှ နှစ်နှစ်တိတိ ပြည့်မြောက်သော နေ့ရက်အထိ ဖြစ်သည်။

## အခန်း ( ၄ )

## ပြင်ဆင်လျှောက်ထားခြင်းနှင့် သက်တမ်းတိုးလျှောက်ထားခြင်း

၁၄။ မှတ်ပုံတင်လက်မှတ်ရရှိသူသည် ပူးတွဲတင်ပြသည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု၏ အချက်အလက်နှင့် စပ်လျဉ်း၍လည်းကောင်း၊ လျှောက်လွှာပါတင်ပြချက်နှင့် စပ်လျဉ်း၍ လည်းကောင်း အချက်တစ်ရပ်ရပ်ကို ပြင်ဆင်လိုပါက ဦးစီးဌာနက သတ်မှတ်ထားသော လျှောက်လွှာ ပုံစံတွင် ဖြည့်သွင်း၍ အွန်လိုင်း (Online) ဝန်ဆောင်ခ ပေးသွင်းပြီး အွန်လိုင်း (Online) စနစ်ဖြင့် ဦးစီးဌာနသို့ လျှောက်ထားရမည်။

၁၅။ ဦးစီးဌာနသည် အပိုဒ် ၁၄ အရ လျှောက်ထားချက်အပေါ် စိစစ်ပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီပါက ပြင်ဆင်လိုသည့် အချက်တစ်ရပ်ရပ်ကို အတည်ပြု၍ အွန်လိုင်း (Online) စနစ်ဖြင့် ပြန်လည်ပြင်ဆင် ဆောင်ရွက်ရမည်။

၁၆။ မှတ်ပုံတင်လက်မှတ်ရရှိသူသည် မှတ်ပုံတင်လက်မှတ်၏သက်တမ်း မကုန်ဆုံးမီ ရက်ပေါင်း ၆၀ ကြိုတင်၍ မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးရန် လျှောက်ထားရမည်။

၁၇။ မှတ်ပုံတင်လက်မှတ်ရရှိသူသည် သက်တမ်းတိုးလျှောက်ထားခြင်းမရှိပါက မှတ်ပုံတင် လက်မှတ်သက်တမ်းကုန်ဆုံးသည့်နေ့ရက်တွင် ယင်းမှတ်ပုံတင်လက်မှတ်သည် အလိုအလျောက် ပျက်ပြယ်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

## အခန်း ( ၅ )

## မှတ်ပုံတင်လက်မှတ်ရရှိသူ၏ တာဝန်များ

၁၈။ မှတ်ပုံတင်လက်မှတ်ရရှိသူသည်-

(က) ရောင်းချသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ တာဝန်ယူ ဖြေရှင်း ဆောင်ရွက်ပေးရမည်။

( ခ ) ရောင်းချသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ အရောင်းပြေစာ ပေးအပ်ရမည်။

( ဂ ) ရောင်းချသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့် စပ်လျဉ်း၍ ရိုးရှင်းမှန်ကန်သော သတင်းအချက်အလက်နှင့် အာမခံချက်များ ပေးအပ်ရမည်။

(ဃ) ရောင်းချသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုအတွက် ကျသင့်တန်ဖိုးနှင့် ညီမျှသည့် အရည်အသွေး ပြည့်မီစေရန် တာဝန်ယူမှု၊ တာဝန်ခံမှုရှိရမည်။

( င ) ရောင်းချသော ကုန်စည်နှင့်စပ်လျဉ်း၍ ပေးအပ်ထားသော သတင်းအချက်အလက် သို့မဟုတ် အာမခံချက်များနှင့် ကိုက်ညီမှုမရှိခြင်းကြောင့် စားသုံးသူက ပြန်လည် အပ်နှံလိုပါက သတ်မှတ်ချက်နှင့် ပြန်လည်အပ်နှံနိုင်သည့်ကာလတို့ကို သတ်မှတ်၍ ယင်းတို့နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

( စ ) မှတ်ပုံတင်လက်မှတ် လျှောက်ထားစဉ်က ရောင်းချမည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှု အမျိုးအစားစာရင်းတွင် ပါဝင်ခြင်းမရှိသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုတစ်ရပ်ရပ် ရောင်းချခြင်းကို ရှောင်ကြဉ်ရမည်။

(ဆ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ရောင်းချရာတွင် စားသုံးသူကို မထီမဲ့မြင်ပြုသော သို့မဟုတ် စားသုံးသူ၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော ပြုမူပြောဆိုမှုကို ရှောင်ကြဉ် ရမည်။

( ဇ ) ရောင်းချသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုအတွက် စားသုံးသူက ငွေပေးချေရန် နည်းလမ်းများနှင့် စပ်လျဉ်း၍ ရိုးရှင်းမှန်ကန်သော သတင်းအချက်အလက်များ ပေးရမည်။

( ဈ ) စားသုံးသူထံ ကုန်စည်ပို့ဆောင်မည့် နည်းလမ်းနှင့်သတ်မှတ်ချက်များကို မရောင်းချမီ ကြိုတင်အသိပေးခြင်း၊ ရွေးချယ်ခွင့်ပေးခြင်းနှင့် ယင်းအချက်များနှင့်အညီ ကုန်စည်ကို ပို့ဆောင်ပေးခြင်းတို့ကို ဆောင်ရွက်ရမည်။

(ည) စားသုံးသူ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက် သို့မဟုတ် စားသုံးသူက မဖော်ပြ စေလိုသော အချက်အလက်များကို ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ အစိုးရဌာန၊

အစိုးရအဖွဲ့အစည်းတစ်ရပ်ရပ်၏ ညွှန်ကြားချက်အရဖြစ်စေ ထုတ်ဖော်ခြင်းမှတစ်ပါး ယင်းတို့ကို ထုတ်ဖော်ခြင်းမပြုဘဲ ထိန်းသိမ်းရမည်။

( ၎ ) အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းမှတစ်ဆင့် နိုင်ငံရေးကို ရည်ရွယ်၍ သော်လည်းကောင်း၊ အများပြည်သူ၏ တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကို ပျက်ပြားစေရန် ရည်ရွယ်၍သော်လည်းကောင်း လှုံ့ဆော်မှု၊ ဟောပြောမှု၊ စည်းရုံးမှု၊ အားပေးမှုနှင့် ဆန္ဒဖော်ထုတ်မှုများ ပြုလုပ်ခြင်းကို ရှောင်ကြဉ်ရမည်။

( ၅ ) မှတ်ပုံတင်လက်မှတ်ကို မိမိမှတစ်ပါး အခြားသူတစ်ဦးဦးထံသို့ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ လွှဲပြောင်းခြင်းကို ရှောင်ကြဉ်ရမည်။

( ၃ ) ပွင့်လင်းမြင်သာမှုရှိစွာ ရောင်းချရမည်။

( ဃ ) အစားအသောက် သို့မဟုတ် ဆေးဝါး သို့မဟုတ် ဆေးပစ္စည်း သို့မဟုတ် အလှကုန် ပစ္စည်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ချမှတ်ထားသော စည်းကမ်းသတ်မှတ်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရမည်။

(ဏ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနတို့မှ အခါအားလျော်စွာ ထုတ်ပြန်သည့် စည်းကမ်း သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရမည်။

## အခန်း ( ၆ )

## မှတ်ပုံတင်လက်မှတ်ရရှိသူ၏ အခွင့်အရေးများ

၁၉။ မှတ်ပုံတင်လက်မှတ်ရရှိသူသည် အောက်ပါအခွင့်အရေးများကို ရရှိစေရမည် -

(က) စားသုံးသူ၏ နစ်နာဆုံးရှုံးမှုသည် မိမိ၏ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကြောင့် မဟုတ်လျှင် မိမိ၏နာမည်ကောင်း ပြန်လည်ရရှိနိုင်သည့် အခွင့်အရေးရှိခြင်း၊

( ခ ) စားသုံးသူ၏တိုင်ကြားမှုတွင် ဥပဒေအရ ကာကွယ်ခုခံချေပခွင့်ရှိခြင်း၊

( ဂ ) မိမိ၏လုပ်ငန်းနှင့်စပ်လျဉ်း၍ တရားဝင်အရေးဆိုတင်ပြပိုင်ခွင့်ရှိခြင်း၊

(ဃ) ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုကို ရောင်းချရာတွင် သဘောတူညီချက်၊ တန်ဖိုးတို့နှင့်အညီ ငွေပေးချေမှုကို လက်ခံရယူပိုင်ခွင့်ရှိခြင်း၊

( င ) အွန်လိုင်း (Online) စနစ်တွင် မှတ်ပုံတင်လက်မှတ်ပါ အမည်ဖြင့် ရောင်းချခွင့်ရှိခြင်း။

## အခန်း ( ၇ )

## မှတ်ပုံတင်လက်မှတ် ဆိုင်းငံ့ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း

၂၀။ ဦးစီးဌာနသည် အပိုဒ် ၁၈ ပါ သတ်မှတ်ချက်တစ်ရပ်ရပ်ကို မှတ်ပုံတင်လက်မှတ်ရရှိသူက ဖောက်ဖျက်ကြောင်း တွေ့ရှိပါက အောက်ပါအမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊

( ခ ) မှတ်ပုံတင်လက်မှတ် ပယ်ဖျက်ခြင်း။

၂၁။ အပိုဒ် ၂၀ အရ ဦးစီးဌာနက ချမှတ်သည့်အမိန့်ကို မကျေနပ်သူသည် ဝန်ကြီးဌာနသို့ ရက်ပေါင်း ၃၀ အတွင်း စာဖြင့်ရေးသား၍ အယူခံဝင်ရောက်နိုင်သည်။

၂၂။ ဝန်ကြီးဌာနသည် ဦးစီးဌာနက အပိုဒ် ၂၀ အရ ချမှတ်သည့်အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။ ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်နှင့်အတည်ဖြစ်သည်။

၂၃။ အပိုဒ် ၂၀ အရ မှတ်ပုံတင်လက်မှတ် ဆိုင်းငံ့ခြင်းခံရသည့်ကာလတွင်ဖြစ်စေ၊ မှတ်ပုံတင်လက်မှတ် ပယ်ဖျက်ခံရလျှင်ဖြစ်စေ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရ။

## အခန်း ( ၈ )

## အထွေထွေ

၂၄။ ဦးစီးဌာနသည် လျှောက်လွှာပုံစံ၊ မှတ်ပုံတင်လက်မှတ်ပုံစံ၊ မှတ်ပုံတင်ကြေးနှင့် အွန်လိုင်း (Online) ဝန်ဆောင်ခတို့ကို သတ်မှတ်ရမည်။

၂၅။ ဦးစီးဌာနသည် အပိုဒ် ၂၀ အပိုဒ်ခွဲ (ခ) အရ မှတ်ပုံတင်လက်မှတ် ပယ်ဖျက်ကြောင်း ချမှတ်သည့် အမိန့်ကို လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့ အကြောင်းကြားနိုင်သည်။

၂၆။ မည်သူမဆို ဤအမိန့်အရ ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်မရှိဘဲ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ ပုဒ်မ ၅ အရ အရေးယူခြင်းခံရမည်။

၂၇။ မှတ်ပုံတင်လက်မှတ်ရရှိသူက အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်း တစ်ရပ်ရပ်ကို လုပ်ကိုင်ဆောင်ရွက်ရာတွင် ဥပဒေနှင့် မညီညွတ်ကြောင်း သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက ခိုင်လုံသောအထောက်အထားဖြင့် ဦးစီးဌာနသို့ ညှိနှိုင်းအကြောင်းကြားလာပါက ဦးစီးဌာနသည် ယင်းမှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ရမည်။

၂၈။ ဦးစီးဌာနသည် မှတ်ပုံတင်လက်မှတ်ရရှိသူက အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကို အကြောင်းပြု၍ ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော ပြုမူဆောင်ရွက်မှုတစ်ရပ်ရပ်ကို ဆောင်ရွက်ကြောင်း ယူဆလျှင် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက စစ်ဆေးအရေးယူနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ အကြောင်းကြားရမည်။

၂၉။ ဦးစီးဌာနသည် အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ မှတ်ပုံတင်လက်မှတ်ရရှိသူများစာရင်းကို အများပြည်သူသိရှိစေရန် ဦးစီးဌာန၏ အွန်လိုင်း (Online) မှတ်ပုံတင်စနစ်တွင် ဖော်ပြရမည်။

၃၀။ ဦးစီးဌာနသည် မှတ်ပုံတင်ကြေးနှင့် အွန်လိုင်း (Online) ဝန်ဆောင်ခကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။

(ပုံ)

အောင်နိုင်ဦး

ပြည်ထောင်စုဝန်ကြီး